# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၀ ရက်မြောက်နေ့အစီအစဉ်

# [၁၂–၈–၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ရေပြာကျေးရွာအား ရေကာတာ ပြုလုပ်ပေး၍ ရေလမ်းကြောင်းပြုပြင်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသာစိန်၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့ကို သန့်ရှင်း လှပသောမြို့အဖြစ် ဆောင်ရွက်ပေးရန်နှင့် နိုင်ငံခြားသား ဧည့်သည်များအား လာရောက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ပြန့်သေကျေးရွာ၊ ဖလံကျေးရွာ၊ သဲဖြူစမ်းကျေးရွာနှင့် ကွင်းကြီးသဘော့ကျေးရွာတို့ တွင် သောက်သုံးရေကန်များ တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **ကလေးမြို့တွင် ကျောက်မီးသွေးသုံး စက်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်ဒေသ၊ နေ့ရက်နှင့် အမျိုးအစားတူ စက်မျိုးဟုတ်/မဟုတ်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ပုဂံညောင်ဦးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင် (၅)ခု၏ မီတာထိန်းသိမ်း စောင့်ရှောက်ခနှင့် မီတာခများကို (၅၀) ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **မိုင်းပြင်းမြို့နယ်ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသများသို့ မဟာဓာတ်အားလိုင်းတစ်ခု ပို့လွှတ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးယိန်းဘောမ်၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်နှင့် ချီဖွေ(၂) မြို့နယ် ဆက်သွယ်သွားလာနေသော ကားလမ်းမပေါ်ရှိ ကျေးရွာ အုပ်စု (၂၉) ခုတွင် တယ်လီဖုန်းလိုင်းရရှိအောင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးအိုက်ယွန်းမွန်း၊ မက်မန်း မဲဆန္ဒနယ်၏ **ကျေးလက်ဒေသ GSM နှင့် UMIT တိုးရဲ့ တပ်ဆင်ရေး စီမံကိန်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ် (ကိုယ်စား)ဒေါက်တာစံလှိုင်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်ရှိ မြို့များတွင် တာဝါတိုင် အသေးစားနှင့် အလတ်စားများကို သင့်တော်ရာ တောင်ပေါ်၊ တောင်ကုန်းများတွင် ထပ်မံစိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ **" ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။